ဘယ်မှာ ပေးမလဲ စဉ်းစားဖို့ မကောင်းဘူးလား။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ အသုရကာယ်တဲ့ ဒါ အကျိုးတရား ဝိပါကဝဋ်နော်။ အဲဒီလို စိစစ်ဖို့ မကောင်းလား။

အလယ်သံသရာနဲ့ ပတ်သက်တဲ့ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်။ အလယ်သံသရာ ကိလေသဝဋ်က ဘယ်တရားလဲလို့ မေးရင် ဘယ်လိုဖြေပေးမလဲ။ ဒါမို့ ကြားဖူးမှ နားဝ၊ ကြားစ နာစမရှိတော့ မသိဘူးကွဲ့။ ရှင်းလား။ အလယ်သံသရာနဲ့ ပတ်သက်တဲ့ ကိလေသဝဋ်က ဘယ်တရားလဲလို့ဆိုရင် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ ကာမဂုဏ် ငါးပါး၊ အာရုံ တရားအပေါ်မှာ လိုချင်မှု၊ နှစ်သက်မှု၊ စွဲလမ်းမှုက လောဘတဏှာ၊ သမုဒယသစ္စာ။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံနော်။ ကာမဂုဏ် ငါးပါး၊ အာရုံတရားပေါ်မှာ လိုချင်မှု၊ နှစ်သက်မှု၊ စွဲလမ်းမှုက လောဘတဏှာ၊ သမုဒယသစ္စာ။ ဒါ ကိလေသဝဋ် ဖြစ်ပြီဗျာ့။ အလယ်သံသရာ ကိလေသဝဋ် ဖြစ်ခဲ့ရင် ကမ္မဝဋ်က ဘာတွေ ပြုမလဲ၊ စဉ်းစားဖို့ မကောင်းဘူး လား။ ဒါန ကုသိုလ်၊ သီလကုသိုလ်ကွဲ့။ ဟော ကမ္မဝဋ်က။ ဒါန မပြုရဘူးလား။ သီလ မဆောက်တည်ရဘူးလား။ အဲ ဒါနကုသိုလ်၊ သီလကုသိုလ် ကမ္မဝဋ် ဖြစ်တော့၏။ ကမ္မဝဋ် ဖြစ်ရင် ဝိပါကဝဋ်က ဘယ်မှာ အကျိုးပေးမှာလဲလို့ မေးရင်မကောင်းလား။ လူပြည်၊ နတ်ပြည် ဗျား။ စဉ်းစားဖို့ မကောင်းဘူးလား။ လူပြည် နဲ့ နတ်ပြည်တဲ့ ဟော။

အထက်သံသရာနဲ့ ကိလေသဝဋ် ဘယ်တရားလဲ။ စဉ်းစားဖို့ မကောင်းဘူးလား။ ဗြဟ္မာဘဝ၊ ဗြဟ္မာခန္ဓာ လိုချင်မှု၊ နှစ်သက်မှုက ဘဝတဏှာ၊ သမုဒယသစ္စာတဲ့။ ဒါ ကိလေသဝဋ်ဖြစ်တယ် ကြားလား။ အထက်သံသရာနဲ့ ပတ်သက်တဲ့ ကိလေသဝဋ် ဗြဟ္မာဘုံ၊ ဗြဟ္မာဘဝ၊ ဗြဟ္မာခန္ဓာ လိုချင်တဲ့ ဘဝတဏှာ သမုဒယသစ္စာသည် ကိလေသဝဋ် မည်၏။ ကိလေသဝဋ် ဖြစ်ခဲ့ရင် ကမ္မဝဋ် ဘာတွေ ပြုမလဲ။ စဉ်းစားဖို့ မကောင်းလား။ ကမ္မဋ္ဌာန်း လေးဆယ် တစ်ခုခု အားထုတ်မယ်။ အားထုတ်လို့ သမာဓိသာ ရရင် သူများ စိတ်အစဉ်ကို သိနိုင်တယ်လို့ မပြောဘူးလား။ ဒါထက် ရင့်ကျက်ရင် မြေလျှိုး၊ မိုးပျံနိုင်တာပေါ့။ကဲ အဲဒါ ကမ္မဝဋ် မဖြစ်ပေဘူးလား။ ကမ္မဝဋ် ဖြစ်ရင် ဝိပါကဝဋ် ဘယ်မှာ အကျိုး ပေးမှာလဲလို့ မေးဖို့ မကောင်းဘူးလား။ ဗြဟ္မာခန္ဓာ မရပေဘူးလား။ ဗြဟ္မာဘုံ၊ ဗြဟ္မာဘဝ၊ ဗြဟ္မာခန္ဓာရမယ်။

ဒါကြောင့် အောက်သံသရာနဲ့ ပတ်သက်တဲ့ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်၊ အလယ် သံသရာနဲ့ ပတ်သက်တဲ့ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်၊ အထက်သံသရာနဲ့ ပတ်သက်တဲ့ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်။ အဲဒီ ဝဋ်သုံးပါး ကျွတ်မှ နိဗ္ဗာန်လို့ မဟောလားဟေ့။ သို့မို့ တရား ထိုင်တာ ကိလေသာ ချုပ်ဖို့ကွဲ့။ တရားနာတာ ကိလေသာ ချုပ်ဖို့ကွဲ့။ စဉ်းစားဖို့ မကောင်းလား။ ဝဋ်သုံးပါး

ကျွတ်တာ နိဗ္ဗာန်လို့ ပြောမပြော။ အဲဒီ ဝဋ်သုံးပါးမှာ အရေး အကြီးဆုံး အချက်က ကိလေသဝဋ် ချုပ်ဖို့ လိုတယ်။ ကြားလား။

ကိလေသဝဋ် စိစစ်ဖို့ မကောင်းလား။ ကဲ သစ္စာလေးပါးကို မသိတာ။ ခန္ဓာငါးပါးကို မသိတာ။ ခန္ဓာငါးပါး တစ်ပါး-ပါးပေါ်မှာ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါလို့ နလုံးသွင်း မှားတာ။ ဟော နလုံးသွင်း မှားပြီနော်။ နလုံးသွင်းမှားတော့ လိုချင်တဲ့တဏှာ မဖြစ်ဘူးလား။ တဏှာဖြစ်ရင် ဥပါဒါန် မလာပေဘူးလား။ စဉ်းစား။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တဲ့။ ဝဋ်အနေနဲ့ ကိလေသဝဋ်လို့ မပြောဘူး လား။

အဲဒီ ကိလေသဝဋ် ဖြစ်ရင် သင်္ခါရ မလုပ်ပေဘူးလား။ လူခန္ဓာ၊ နတ်ခန္ဓာ၊ လူချမ်းသာ၊ နတ်ချမ်းသာ ရချင်တော့ ပုညာဘိသင်္ခါရပေါ့။ စိစစ်ဖို့ မကောင်းဘူးလား။ သင်္ခါရပစ္စယာ ဝိညာဏံ လို့ မပြောဘူးလား။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ အကျိုး တရား ဝိပါကဝဋ်ကွဲ့။ ကြားလား။ ဒါတော့ ကိလေသဝဋ် ချုပ်ဖို့က အဓိကပေါ့။ စဉ်းစားဖို့ မကောင်း လား။

သစ္စာ လေးပါးကို မသိတာ---။ ခန္ဓာငါးပါးကို မသိတာ ----။ အဲဒီ ခန္ဓာ ငါးပါးပေါ်မှာ ပုဂ္ဂိုလ်၊ သတ္တဝါလို့ နလုံးသွင်းမှားတာ။ အဝိဇ္ဇာ။ နလုံးသွင်းမှားလို့ရှိရင် ကာယကံနဲ့ ပတ်သက်တဲ့ အကုသိုလ်၊ ကာယကံနဲ့ ပတ်သက်တဲ့ ကုသိုလ်။ ဝစီကံနဲ့ ပတ်သက်တဲ့ အကုသိုလ်၊ ကုသိုလ် မပြုပေဘူးလား။ ဒါတော့ သင်္ခါရလို့ မပြောဘူးလား။ စဉ်းစားကွဲ့နော်။ အဲလို လေ့လာဖို့ လိုတယ်။ ဒါ သစ္စာလေးပါး မသိတာ အဝိဇ္ဇာ၊ ဟော ကုသိုလ်လုပ်တာ သင်္ခါရ။ သင်္ခါရ မရဘူးလား။ ကဲ ဘာသင်္ခါရလဲ မေးဖို့ မကောင်းလား။ ပုညာဘိသင်္ခါရ၊ ဒါနကုသိုလ် မပြုဘူးလား။ သီလတွေ မထိန်းသိမ်းဘူးလား။ အဲဒီ သင်္ခါရကြောင့် သင်္ခါရပစ္စယာ ဝိညာဏံ။ လူခန္ဓာ၊ နတ်ခန္ဓာ၊ လူဝိညာဏ်၊ နတ်ဝိညာဏ်ပေါ့။ ဒါကြောင့် အဝိဇ္ဇာပစ္စယာ သင်္ခါရာ လို့ မပြောဘူး လား။ အဲလို စိစစ်ဖို့ မကောင်းဘူးလား။

ကဲ တစ်ခါ အကုသိုလ်နဲ့၊ သစ္စာလေးပါးကို မသိတာ။ အဝိဇ္ဇာ။ သစ္စာလေးပါးကို မသိတာ။ အဝိဇ္ဇာ။ ကဲ ကာယကံနဲ့ ပတ်သက်တဲ့ အကုသိုလ်မပြုပေဘူးလား။ ငါ အဲဒီလို ပါဏာတိပါတာ ကံ၊ သတ္တဝါ အသီးသီးတွေ သတ်ရင် အကုသိုလ်ဖြစ်မယ်၊ အပါယ်ကိုကျမယ်လို့ သိရဲ့လား။ ငါ သည်လို လုပ်ကာ အကုသိုလ်လုပ်ရင် အပါယ်ကိုကျလိမ့်မယ်၊ လောကအနေနဲ့ အချုပ်ကျ မယ်၊ ထောင်ကျ မယ်လို့ သည်လို သိရဲ့လား။ မသိတာဘယ်သူလဲ။ သတ်တာက သင်္ခါရ၊ သစ္စာ လေးပါးကိုမသိတာ။ ခိုးတာကသင်္ခါရ၊ သစ္စာလေးပါးကိုမသိတာ။ သူများလင်၊ သား၊ မယားကို စော်ကားတာက သင်္ခါရ၊ သင်္ခါရပစ္စယာ ဝိညာဏံ။ ဘယ် ဝိညာဏ်လဲ။ အပါယ် ဝိညာဏ်။ ကြောက်စရာ မကောင်းဘူးလား။

အဲလိုလေ့လာဖို့ မကောင်းလား။ သိရင် သတ်ပွဲ မလား ဟော့။ ဒါတော့ သိဖို့လိုတယ်နော်။ အဲလို စဉ်းစားဖို့ မကောင်းလား။ ထိထိမိမိ လေ့လာ။

အဲဒါတွေဟာ ဘာကြောင့်ဖြစ်တာလဲ။ သက္ကာယဒိဋ္ဌိရဲ့ လက်ချက်တွေ ကွဲ့နော်။ စဉ်းစားဖို့ မကောင်းလား။ သက္ကာယဒိဋ္ဌိ ရှိနေသမျှတော့ သုံးဆယ့်တစ်ဘုံက ထွက်ပေါက်မလားဟော့။ အေး ဒါကြောင့်မို့လို့ ငါဒီလိုလုပ်ခဲ့လို့ရှိရင် အကုသိုလ်ဖြစ်မယ်။ ဖြစ်ရင် ငရဲကိုကျမယ်။ လောကမှာ အချုပ်ကျမယ်။ ထောင်ကျမယ်လို့ မသိ၊ မသိတာ အဝိဇ္ဇာ၊ သတ်တာက သင်္ခါရ။ မသိတာ အဝိဇ္ဇာ၊ခိုးတာက သင်္ခါရ။ မသိတာအဝိဇ္ဇာ၊ သူများလင်၊ သား၊ မယားစော်ကားတာက သင်္ခါရ။ သင်္ခါရပစ္စယာ ဝိညာဏံ ။ ဘယ်ဝိညာဏ်လဲ။ အပါယ်ဝိညာဏ်။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အပါယ်လေးဘုံပေါ့။

ကဲ ကုသိုလ်လုပ်တာ၊ သစ္စာလေးပါး မသိတာ အဝိဇ္ဇာ။ ကုသိုလ်လုပ်တာက သင်္ခါရ။ ငါ ကုသိုလ်လုပ်လို့ ရှိရင် လူခန္ဓာ ရမယ်၊ နတ်ခန္ဓာ ရမယ်၊ ဗြဟ္မာခန္ဓာ ရမယ်။ အဲဒီတော့ကာ လူချမ်းသာဖြစ်မယ်၊ နတ်ချမ်းသာ ဖြစ်မယ်၊ ဗြဟ္မာချမ်းသာဖြစ်မယ် လို့ နှလုံးသွင်း မမှားဘူး လား။ ခန္ဓာရတဲ့ပုဂ္ဂိုလ် အို၊ နာ၊ သေ လွတ်ကဲ့လား။ ဘာသစ္စာလဲ၊ ဒုက္ခသစ္စာနော်။ ကဲ အို၊ နာ၊ သေ မလွတ်ဘူး သူသိရဲ့လားဟော့။ ဒါမို့ မသိတာအဝိဇ္ဇာ၊ ပြုလုပ်တာသင်္ခါရ။သင်္ခါရပစ္စယာ ဝိညာဏံ။ ပုညာဘိသင်္ခါရ လူခန္ဓာ၊ နတ်ခန္ဓာ လို့မဟောဘူးလား။ လူဝိညာဏ်၊ နတ်ဝိညာဏ် လို့မဟောဘူးလား။ အို၊ နာ၊ သေ လွတ်ကဲ့လား။ ဘာသစ္စာလဲ၊ ဒုက္ခသစ္စာ။

ကဲ တစ်ခါ ပြန်စဉ်းစားကြဦးစို့။ ဘုရားမပွင့်ဘူး ဆိုခဲ့လို့ရှိရင် သာသနာပပေါ့နော်။ သာသနာ တွင်းမှာမှ ဘုရားပွင့်တာ။ သစ္စာတရား၊ ခန္ဓာတရား၊ ပဋိစ္စသမုပ္ပါဒ် တရားကို ဟောသူ၊ ပြောသူ မရှိဘူး ဆိုရင် ကိုယ်လာခဲ့တဲ့ ပုညာဘိသင်္ခါရ မလုပ်ရဘူးလား။ ဒါနကုသိုလ် မလုပ်ရဘူးလား။ သီလကုသိုလ် မလုပ်ရဘူးလား။ အဲ ဒါနကုသိုလ်၊ သီလကုသိုလ်မှ မလုပ်ဘူး ဆိုလို့ ရှိရင် အပါယ်တစ်လမ်းသွား ပေ့ါ။ အဲတော့ ကိုယ်လာခဲ့တဲ့လမ်းကို ပြန်ကြည့်တော့ ဒါန ကုသိုလ်၊ သီလကုသိုလ်နဲ့ လူ့အဖြစ်ကို ရခဲ့တာလေ။ နတ်အဖြစ်ကို ရခဲ့တာ။ဒါမှမလုပ်ရင် အပါယ်တစ်လမ်းသွားကွဲ့။ ကြားလား။

ကဲ တစ်ခါ ခန္ဓာတရား၊ သစ္စာတရား၊ ပဋိစ္စသမုပ္ပါဒ်တရားကို ဟောသူပြောသူ ရှိတယ်ဆိုရင် ဒီတရားကို ငါမသိမနေဘူး။ သိအောင် ကြိုးစားအားထုတ်မယ်လို့ ကျေးဇူးပြုရ၊ ကျေးဇူး မပြုရပေဘူးလား။ ဒီတရား ငါမသိ၊(မနေဘူး) ကြိုးစား အားထုတ် မယ်နော်။ အဲလို လေ့လာဖို့ မကောင်းလား။ အားထုတ်လို့ ခန္ဓာသိမယ်၊ သစ္စာသိမယ်၊ ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုးသိမယ် ဆိုရင် သိ၊ ပယ်လို့ မဟောဘူးလား။ ဘာတွေပယ်ရမှာလဲလို့ မေးဖို့မကောင်းလား။ ဒါနကို ပယ်ရမှာလား၊ ကိလေသာ

ပယ်ရမှာ။ သီလကို ပယ်ရမှာလား၊ ကိလေသာ ပယ်ရမှာ။ သမထကို ပယ်ရမှာလား ၊ ကိလေသာ ပယ်ရမှာ။ ဪ ဘုရား အဆူဆူ ဒါနကိုမပယ်ဘူးကွဲ့။ သီလ မပယ်ဘူး။ သမထ ပယ်ရဲ့လား။ ကိလေသာ ပယ်တာဗျာ့၊ ကိလေသာ ပယ်တာ။ အဲလို စိစစ်ဖို့ မကောင်းလား။ ဒါ ကိလေသာ ချုပ်ဖို့လိုတာပေါ့။

ဒါနရိုးရိုး၊ သီလရိုးရိုးက လူရိုးရိုးလေးနဲ့ တူတယ်နော်။ ကိလေသာက စုန်းပူးတာနဲ့ တူတယ် ကွဲ့။ နတ်ကိုက်တာနဲ့ တူတယ်ကွဲ့။ ကြားလား။ ဒါတော့ ကိလေသာ ချုပ်ရမှာ။ ဒါနကို ပယ် ရမှာလား၊ ကိလေသာ ပယ်ရမှာ။ သီလကို ပယ်ရမှာလား၊ ကိလေသာ ပယ်ရမှာ။ သမထကို ပယ်ရမှာလား၊ ကိလေသာ ပယ်ရမှာ။ အေး ကိလေသာ ပယ်ဖို့။ ဒါတော့ ကိလေသာ ပယ် တယ် ဆိုတော့ ခန္ဓာရဲ့ အကျိုးအပြစ်ကို သိဖို့ မလိုဘူးလား။ ခန္ဓာရဲ့အကျိုး အပြစ်ကို မသိဘဲ နဲ့ ပယ်နိုင်ပါ့မလား။ စဉ်းစားနော်။

ခန္ဓာရတဲ့ ပုဂ္ဂိုလ် ဟူသရွေ့ အိုးနာ၊သေ လွတ်ကဲ့လား။ ဘာသစ္စာလဲ၊ လူချမ်းသာလား၊ ဒုက္ခသစ္စာ။ နတ်ချမ်းသာလား ၊ဒုက္ခသစ္စာ။ ပြဟ္မာချမ်းသာလား၊ ဒုက္ခသစ္စာ။ ပေါ ခန္ဓာရတဲ့ ပုဂ္ဂိုလ် နေ့စဉ်နဲ့ တကွ ဆင်းရဲတဲ့တရားနဲ့ နေရတာနော်။ ချမ်းသာတဲ့ တရား လား၊ဆင်းရဲတဲ့ တရား။ အေး။ အဲလို ဆင်းရဲတဲ့တရားလို့ အမှန်သိတာ သမ္မာဒိဋ္ဌိလို့ ပေါ၊ မပေါ။ ပေါရင် နှလုံးသွင်းမှားတဲ့ မိစ္ဆာဒိဋ္ဌိ မချုပ်လား။ လူချမ်းသာ၊နတ်ချမ်းသာ၊ ပြဟ္မာ ချမ်းသာ နှလုံးသွင်းမှားတာ အဝိဇ္ဇာနော်။ တကယ် တွေ့တာက လူချမ်းသာလား၊ ဒုက္ခသစ္စာ။ နတ်ချမ်းသာလား၊ ဒုက္ခသစ္စာ။ ပြဟ္မာချမ်းသာလား၊ ဒုက္ခသစ္စာ။ ကဲ ဒုက္ခသစ္စာလို့ နှလုံးသွင်း မှန်တော့ကာ လူချမ်းသာ၊ နတ်ချမ်းသာ၊ပြဟ္မာချမ်းသာ နှလုံးသွင်း မှားတဲ့ အဝိဇ္ဇာ မချုပ်ဘူး လား။ အဝိဇ္ဇာ ချုပ်ပြီနော်။

အဝိဇ္ဇာချုပ်ရင် ရှေးဆရာတော် သမားတော်တွေ အရင်းလဲတော့ အဖျား ထင်းဖြစ်တယ် လို့ပေါ၊ မပေါ။ တဏှာ၊ဥပါဒါန် လာသေးရဲ့လား။ ကဲ ကိလေသဝဋ္ဋ မချုပ်ဘူးလား။ ကိလေသဝဋ္ဋ ချုပ်ပြီနော်။ ကိလေသဝဋ္ဋ ချုပ်ရင် ကမ္မဝဋ္ဋ လာဦးမလား။ အကျိုး တရားပါကွဲ့. ကမ္မဝဋ္ဋက ... ။ ကိလေသဝဋ္ဋက အကြောင်း၊ ကမ္မဝဋ္ဋက အကျိုး။ စဉ်းစားဖို့ မကောင်းလား။

သို့သော် ကမ္မဝဋ္ဋကို အကြောင်း ဘယ်နှယ့်ကြောင့် အကြောင်းတရား ထားရသလဲလို့၊ သူ့ကို သမုဒယသစ္စာထဲမှာ ဘယ်လို သွင်းသလဲ လို့ မေးရင် ဘယ်လို ဖြေမလဲ။ ဟင်။ အသံ တိတ်သွားပြီ။ အင်း အဲဒါကြောင့် ကြားဖူး နား၀ မရှိ။ သုတဝါ အရိယာသာဝကော သုတ အကြား အမြင်ရှိမှ အရိယာဖြစ်တယ်လို့ ပေါတာ။ ဒါတော့ ကမ္မဝဋ္ဋက အကြောင်းတရား သမုဒယသစ္စာ ဆိုတော့ကာ သူ့ အလိုလို မဟုတ်၊ အကျိုးတရား ရှိတယ်။ အကျိုးတရားက ဘယ်သူလဲ ဆိုတော့ကာ

21.5.2005,(2:00pm)7

ကမ္မဘဝပစ္စယာ ဇာတိ ဆိုတဲ့ ခန္ဓာမရှိဘူးလား။ ဇာတိက အကျိုး တရားကိုးကွဲ့။ နို့မို့ ကမ္မဝဋ်က အကြောင်း၊ ဇာတိက အကျိုး တရား။ သစ္စာဖွဲ့ ဒုက္ခသစ္စာ၊ ကမ္မဝဋ်က အကြောင်း တရား သမုဒယသစ္စာ၊ မဟောဘူးလား။

ကဲ တစ်ခါ ပြန်နောက်ဆုတ်တော့ ကမ္မဝဋ်ကို အကျိုးတရား မထားရဘူးလား။ အကျိုးတရား ထားတော့ သည်ကမ္မဝဋ်က အလိုလို ဖြစ်တာလား၊ အကြောင်း တရားကြောင့် ဖြစ်တာလား။ အကြောင်း ရှာကြည့်တော့ ဥပါဒါနပစ္စယာ ကမ္မဘဝေါလို့ မဟောဘူးလား။ တဏှာ၊ ဥပါဒါန်က အကြောင်းတရား မရလား။ ကမ္မဝဋ်က အကျိုးတရားမလား။ ကမ္မဝဋ်- အကျိုးတရား သစ္စာဖွဲ့၊ ဒုက္ခသစ္စာ ပေါ့။ တဏှာနဲ့ ဥပါဒါန်က သမုဒယလို့ မဟောဘူးလား။ အဲဒီတော့ကာ ကိလေသ ဝဋ်ချုပ်ရင် ကမ္မဝဋ်က အကျိုး တရားကွဲ့။ ကြားလား။ ကိလေသဝဋ် ချုပ်တော့ ကဲ ကမ္မဝဋ် လာဦး မလား။ ကမ္မဝဋ် မလာရင် နောက်ခန္ဓာ လာပါ့မလား။ အဲဒါလိုရင်း အချက်ဗျား။ အဲဒါ သိအောင်လို့ တရားထိုင်ရတာ ဗျို့။ ဒါ သိအောင်လို့ စင်္ကြံ သွားရတာ၊ ဣရိယာပထ လေးပါး။ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်း လို့မဟောဘူးလား။ အဲဒီလို လေ့လာကွဲ့။

<u>ဒုက္ခဝေဒနာနဲ့ ဒုက္ခသစ္စာ။</u>

မသိဘဲနဲ့ သိဟန်ဆောင်နေတာ အချိန်ကုန်တယ်ကွဲ့။ မသိရင်မေး၊ မစင်ရင်ဆေး တဲ့။ ရှေး စကားတွေ ကြားလား။ အဲလို လေ့လာဖို့ မကောင်းလား။ သိယောင်ဆောင်တာ အရုပ်ဆိုး တယ်။ စဉ်းစား။ ထိထိမိမိ ရုပ်တလုံး၊ နာမ်တလုံး သုညတ ဆိုက် အောင် သိဖို့ လိုတယ်။ ရုပ်နာမ် သုညတ။ မြတ်စွာဘုရား ဟောတာ နဒီသောတော ဝိယ မြစ်ရေများ စီးတယ်ဆိုတာ ကြားဖူးကြလား။ ရပ်တယ်လို့ ရှိသေးရဲ့လား။ တသွင်သွင်စီး နေတာနော်။ အခု မိမိခန္ဓာကြီး က မြစ်ရေများကဲ့သို့ တသွင်သွင် ဖြစ်ပျက် ပြီးတော့ နေတယ်လို့ ဟော၊မဟော။ အဲဒါ ဒုက္ခ သစ္စာ။ ကဲနစ်ရက်၊ သုံးရက်မှာ တစ်ခါ ညောင်းတယ်၊ တစ်ခါ တစ်ခါ နာတယ်၊ တစ်ခါ တစ်ခါ ဖျားတယ် မလာဘူးလား။ နေ့တိုင်း နာတာလား၊ ဆယ်ခါတစ်ခါ။ ဩော် အဲဒီအခါကျတော့ မဆင်းရဲဘူးလား။ အဲဒါ ဒုက္ခဝေဒနာ။ ကိုယ် ဆင်းရဲတော့ စိတ်ကား မဆင်းရဲဘူးလား။ စိတ်ဆင်းရဲတယ်။ ဒါမို့ ကာယိကဒုက္ခ = ကိုယ်ဆင်းရဲတာ၊ စိတ်ဆင်းရဲတာ= စေတသိကဒုက္ခ။ အဲဒါပညတ်အာရုံကွဲ့ ကြားရဲ့လား။အဲဒါ ဝိပဿနာမထိုက်ဘူး။ ဆယ်ခါ တစ်ခါ ဖြစ်တာ။ ဟိုက တစ်ဖြစ်တည်း ဖြစ်၊ တစ်ပျက်တည်း ပျက်တယ်လို့ ဟော၊ မဟော။ ပျက်ပါတယ်ဆို ကောင်းလို့လား၊ မကောင်းလို့လား။ မကောင်းလို့ကွဲ့။

အခုတော့ ဆေးလေး လိမ်းလိုက်၊ နှိပ်ပေးလိုက်၊ ပြုလိုက်ဆိုတော့ သက်သာသွားတော့တာ လေ။ ကဲ သက်သာသွားတယ်ဆို တော့ သုခပေါ့။ မသက်သာတာ ဒုက္ခပေါ့။ ဒါမို့-သူကို ဝေဒနာ၊ ဒုက္ခ

ဝေဒနာ ဗျား။ သုခဝေဒနာကား မဟောဘူးလား။ ဒုက္ခသစ္စာ ဟုတ်ကဲ့လား။ သစ္စာဆိုတာ ဆင်းရဲတဲ့ တရားက ပြောင်းကို မပြောင်းတာဟော့။ အဲလို စိစစ်ဖို့ မကောင်းလား။ ဒါမို့ ဆင်းရဲတယ်လို့ သိတော့ မပယ်ရဘူးလား။ ကဲ အဲဒါ နဒီသောတော ဝိယ။ ကဲ တခါ မြတ်စွာဘုရား ဟောတာ မျက်စိတစ်မှိတ်၊ လျှပ်တပျက် ကုဋေတစ်သိန်း ဖြစ်ပြီးတော့ ပျက်တယ်လို့ ဟောတာ ကြားဖူးရဲ့လား။ မျက်စိ တစ်မှိတ်လေးမှာနော် ကုဋေ တစ်သိန်း ဖြစ်လို့ ပျက်တယ်လို့ မဟောဘူးလား။ ဘုန်းကြီးတို့ အနေနဲ့ က တစ်မှိတ်မှာ တစ်ခါလောက် သိရင် တော်ပြီ။ အဲဒါ မျက်စိ တစ်မှိတ်မှာ ကုဋေ တစ်သိန်းဖြစ်လို့ ပျက်တယ်ဆိုတာက ဘုရားရဲ့ဉာဏ်သာ သိတာ။ ရဟန္တာတွေတောင် ကုန်အောင် မသိနိုင်ဘူး ကြားလား။ သူတွေ၊ ငါတွေ သိနိုင်ပဲ့မလား။ တစ်မှိတ်မှာ တစ်ခါသိဖို့ လိုတာ။ ကုဋေတစ်သိန်း ဖြစ်တာ လည်း ဖြစ်ပျက် အနိစ္စပေါ့။ တစ်ခါ သိတာ လည်း အနိစ္စ။ တစ်ခါသိဖို့ အရေးကြီးတယ်။ တစ်ခါ သိရင် ဆက်ခါ၊ ဆက်ခါသိပြီ ကြားလား။ တစ်ခါမသိလို့ မသိနိုင်တာဗျ။ တစ်ခါသိရင် သိပြီ ကြားရဲ့ လား။ အဲဒီလို လေ့လာဖို့ မကောင်းလား။ စဉ်းစားဟော့။ အဲဒါ လိုရင်း အချက်တွေ။ ဒါတော့ ကာ ထိထိမိမိ စဉ်းစားနော်။

<u>သူခိုးမသား</u>

တရား ပျောက်တော့ ကိုယ်မှာ ရှာ၊ ကိုယ်မှာ ရှာတော့ တရားတွေ့တယ် မဟောဘူးလား။ အရှိနဲ့ အသိ ထပ်ဖို့လိုတယ် လို့ မဟောဘူးလား။ အရှိတရားနဲ့ အသိဉာဏ်နဲ့ ထပ်ဖို့ လိုတယ်လို့ မဟောဘူးလား။ ကဲ နားအကြည်ရှိတဲ့ပုဂ္ဂိုလ် အာရုံ၊ သဒ္ဒါရုံ မတိုက်ဘူးလား။ သဒ္ဒါရုံ မတိုက်ဘူး လား။ တိုက်ရင် ကြားသိစိတ်မပေါ်ဘူးလား။ အဲဒီ ကြားသိစိတ်မှာ နလုံး သွင်း မှန်တာလည်း စဉ်းစားနော်။ မှားတာလည်း စဉ်းစားနော်။အင်း ဟဲ့ သူခိုးမသား၊ ဟေ့ သူခိုးမသား၊ ဟေ့သူခိုး၊ အဲဒီလို အဲဒါ သူ့မှာ သုတ-အကြားအမြင် မရှိရင် ဝမ်းမြောက် ဝမ်းသာဖြစ်မလား၊ စိတ်ဆိုးမလား။ စိတ်ဆိုးတာ ကုသိုလ်လား၊ အကုသိုလ်လား။ အဲဒီ အကုသိုလ်က ဆင်းရဲတဲ့တရားနော်။

ဘယ်ဆီက လာတာလဲ။ စဉ်းစားဖို့ မကောင်းဘူးလား။ အဲဒါ အလာမခံနဲ့။ စဉ်းစားဖို့ မကောင်းဘူး လား။ သူသာ ဝင်လာရင် ဆင်းရဲတော့မှာ ကွဲ့။ အလာ မခံနဲ့။ သတိ၊ ပညာလို့ ဟော၊ မဟော။ ကြားရင်သတိ လို့မဟောဘူးလား။ ကြားရင်သတိနော်။ သတိပြုတော့ကာ သူခိုးလား၊ အသံလား။ သူခိုးမသားလား၊ အသံလား။ အသံလို့ကြားတဲ့စိတ်လေး မပေါ်လား။ အသံလို့ ကြားတဲ့ စိတ်လေး၊ သိတဲ့စိတ်လေးဟာ ရုပ်နှစ်ခု မတိုက်ခင် ဘယ်ဆီမှာ နေတယ်လို့ လက်ညှိုး ညွှန်ပြခြင်းငှာ ထိုက်ကဲ့ လား။ ဟော ကဲ နှစ်ခုတိုက်မှ ပေါ်တာနော်။ အကောင်အထည် ဟုတ်ကဲ့လား။ ပုံပန်းသဏ္ဍာန်တွေ ပါရဲ့လား။ အသံလို့ ကြားသိတာ သောတဝိညာဏ် နာမ်တရားပေါ့။ ကဲ သူခိုးလား၊ အသံလား။

သူခိုးမသားလား၊ အသံလား။ ကဲ အသံလို့ ကြားသိတာ သောတဝိညာဏ် နာမ်တရား မမှန်ဘူးလား။ အသံက ရုပ်တရား-နာမ်ရုပ်နှစ်ပါး ပေါ့။

ဤနာမ်ရုပ်ကို သိတာက သူ၊ ငါက သိတာလား၊ မဂ္ဂသစ္စာက သိတာ။ မဂ္ဂသစ္စာက သိတာ နော်။ အဲဒီလို စိစစ်ဖို့မကောင်းလား။ စဉ်းစား။ ဘယ်မဂ်က သိတာလဲ။ သမာဓိမဂ်။ သမာဓိ၊ သမာဓိ။ အဲဒီ သမာဓိရတဲ့အခါ စိတ်ဆိုးလောက်အောင်ပြောကြည့် ဆိုးဦးမလား။ ခန္ဓာ ဘက်ကို ဉာဏ် ရောက်နေတာ။ နားက တရားနာ၊ ဉာဏ်က ခန္ဓာလှည့် မဟောဘူးလား။ ကဲ အသံထဲမှာ စိတ်ဆိုးစရာ ပါရဲ့လား။ ချစ်စရာ ပါရဲ့လား။မုန်းစရာ ပါရဲ့လား။ အဲဒါကြောင့်မို့လို့ ဥပေက္ခာဝေဒနာ နားမှာ ပေါ်သည်လို့ ဟော၊ မဟော။ သက်သေ ထူတာ။ ကဲ ဆိုး၊ ကောင်း နှစ်ပါး ပါရဲ့လားဟ။

ကဲ ခွေးမသားဆိုတော့ စိတ်ဆိုးတာဗျ၊ သူခိုးဆိုတော့ စိတ်ဆိုးတာ ဗျ။ ဒါကြောင့် ကြားတာကို သညာ ဖုံးတယ် လို့ မဟောဘူးလား။ ကြားတာက အသံကို ကြားတာ၊ သညာက သူခိုး။ ကြားတာက အသံကိုကြားတာ၊ ဟဲ့ သူခိုးမသား။ ကဲ စဉ်းစားဖို့ မကောင်းလား။ အဲဒါကြောင့်မို့ ကြားတာကို သညာဖုံးတယ်၊ သညာကို သင်္ကာနဲ့ရှင်းမှ သင်္ကာကင်းမယ် မဟောဘူး လား။ ကဲ သင်္ကာ ရှင်းကြစို့ ဆိုတော့ ကဲသူခိုးလား၊ အသံလား။ သူခိုးမသားလား၊ အသံလား။ အသံ လို့ ကြားတဲ့အခါ သူခိုးကား တွေ့ရဲ့လား။ အသံက တွေ့လား။ ဘာဖြစ်လို့ မတွေ့တာလဲ။ မရှိလို့။ မရှိရင် စိတ်ဆိုးစရာ လိုသေးသလား ဟဲ့။

အသံကလည်း ကြားပြီးရင် မပျက်လား။ ကြားသိစိတ်ကလေးက လည်း သိပြီးရင် မပျက်လား ။ နိစ္စလား၊ အနိစ္စ။ မရှိတာ အနိစ္စ၊ သိတာက မဂ္ဂ။ ကဲ တဏှာဘယ်ကလာမှာလဲ။ တဏှာ မလာရင် ဒေါသ ဆက်လာဦးမလား။ စဉ်းစားဖို့ မကောင်းဘူးလား။ အဲဒီလို လေ့လာဖို့ မကောင်းလား။ ဒီလိုဆိုတော့ကာ သတိပညာ ဉာဏ်မြေကတုတ် ပညာချွန်းကဲ့သို့ အုပ် လို့ မဟောဘူးလား။ ကြားရင် သတိ ပြုတော့ကာ အသံပေါ့။ ကြားသိစိတ်လေးက နာမ်တရား၊ အသံက ရုပ်တရား၊ နာမ်ရုပ် နှစ်ပါးပေါ့။ နာမ်ရုပ်တရား နှစ်ပါးလို့ သိတာ သူ၊ ငါက သိသလား၊ မဂ္ဂသစ္စာက သိတာ။ ဘယ်မဂ်လဲ ဆိုတော့ သမာဓိမဂ်ပေါ့။ ကဲ သမာဓိ ရသွားပြီ မပြောရ ဘူးလား။ အဲဒီလူကို ကိလေသာ အရည်ပျော်အောင်၊ စိတ်ဆိုးလောက်အောင် ပြောကြည့် စိတ်ဆိုးဦးမလား။ ဝမ်းမြောက် ဝမ်းသာ ဖြစ်အောင် ပြောကြည့် ဝမ်းမြောက် ဝမ်းသာ ဖြစ်ဦး မလား။ သမာဓိကွဲ့။ ကဲ တခြားကို စိတ်ပျံ့လွင့် သေးရဲ့လား။

ဆက်ပြီးတော့ ကြိုးစား သမာဓိကောင်းတော့ အသံရူပက္ခန္ဓာကြီးက ဖောက်ပြန်ပြီးတော့ မပျက်ဘူး လား။ ကြားသိစိတ်ကလည်း သိပြီးတော့ မပျက်လား။ နိစ္စလား၊ အနိစ္စလား။ အနိစ္စ။ အနိစ္စလက္ခဏာ

ဒုက္ခသစ္စာ မဟောဘူးလား။ ဒုက္ခလက္ခဏာ ဒုက္ခသစ္စာ၊ အနတ္တလက္ခဏာ ဒုက္ခသစ္စာ။ ဆင်းရဲတာက လွဲလို့ ဘာများ တွေ့သေးလဲ။ မတွေ့ဘူးနော်။ ကဲ အဲဒီလို သိတဲ့ အခါ ဆင်းရဲတယ်လို့ အမှန်သိတဲ့ အခါ ဒီ ခန္ဓာမျိုး ရချင်သေးရဲ့လား။ မရချင်တော့ဘူးနော်။

သိ၊ ပယ်လို့ မဟောဘူးလား။ ကဲ တဏှာ လာသေးရဲ့လား။ ဥပါဒါန်ကား လာသေးရဲ့လား။ ဒေါသကား ဖြစ်သေးရဲ့လား။ မောဟကားဖြစ်သေးရဲ့လား။ ကြားတိုင်း၊ ကြားတိုင်း နိဗ္ဗာန် တဒိုင်းဒိုင်း။ ကြားတိုင်း၊ ကြားတိုင်း နိဗ္ဗာန်တဒိုင်းဒိုင်းလို့ မဟောဘူးလား။ အဲဒါကြောင့်မို့ လို့ ရာဂက္ခယော နိဗ္ဗာနံ၊ ဒေါသက္ခယော နိဗ္ဗာနံ ၊မောဟက္ခယော နိဗ္ဗာနံ၊ရာဂ၊ ဒေါသ၊ မောဟ အဲဒီဟာ ချုပ်တာ နိဗ္ဗာန်လို့ ခေါ်တာ။ လူတွေ မရှိတာ သွားကြည့်လို့ ဘယ်ရမလဲဟ။ ဝင်းဝင်း ကြီး ပေါ်လာ လိမ့်မယ်လို့ မအောက်မေ့နဲ့။ ဘုံနန်း ပြဿဒ်ကြီးလို့ လာလိမ့်မယ် မထင်နဲ့။ ကိလေသာချုပ်တာ နိဗ္ဗာန်၊ ခန္ဓာချုပ်တာ နိဗ္ဗာန်။ ကြားရဲ့လား ဟေ့။ ကဲ အဲလို စိစစ်ဖို့ မကောင်းလား။ အဲဒါ လေ့လာ။ ဆန်ကုန် ၊ မြေလေး မဖြစ်စေနဲ့။ စဉ်းစားကြ။ စဉ်းစားကြ။ ကြိုးစား။

အဲဒါ အားကိုးရာ ဒီဉာဏ်ကို လိုတယ်။ ကဲ မိမိက အဲဒီ ဉာဏ်လေးကို ပိုင်ပြီ၊ ရပြီ။ တစ်ချက် လောက်သိပြီ။ သိပြီ။ နောက် နေ မကောင်းတော့ဘူး။ တစ်နေ့တပါး၊ တစ်ရက်ထက် တစ်ရက်၊ တစ်လထက် တစ်လ ဝေဒနာက စိပ်- စိပ်- စိပ်- စိပ်လာတော့တာ။ ဆင်းရဲပြီ။ ခန္ဓာ ကိုယ်ကြီးက မောလာပြီ။ ရှူးရှဲ၊ ရှူးရှဲ၊ ရှူးရှဲ။ ကဲ သေခါနီး ပုဂ္ဂိုလ်တွေ ပိုပြီးတော့ မပင်ပန်းဘူးလား။ ဘေးက ရပ်ကြည့် ပင်ပန်းတာ သိရတယ်နော်။ မပင်ပန်းဘူးလား။ ဉာဏ်လေးက သြော် အင်မတန် ဆင်းရဲပါ လား။ ခန္ဓာရတဲ့ ပုဂ္ဂိုလ် ဆင်းရဲတယ်ဆိုတော့ ဒီခန္ဓာပေါ်မှာ သာယာတဲ့ တဏှာ လာဦးမလား။ မလာတော့ဘူးနော်။ ဆင်းရဲတယ်လို့ သိတာ မဂ္ဂသစ္စာ လို့ မဟောဘူးလား။ လိုချင်တဲ့ တဏှာ ဖြစ်ကဲ့လား။ ကဲ တဏှာမလာ ဥပါဒါန်လာပါ့မလား။ မလာ တော့ဘူး။ ကဲကိလေသဝဋ် မချုပ်ဘူး လား။ သိတော့ ပယ်တယ်လို့ မဟောဘူးလား။ ဆင်းရဲ တယ်လို့ ဒုက္ခသစ္စာအမှန်သိ သမ္မာဒိဋ္ဌိလို့ ဟော၊ မဟော။ အဲဒါကြောင့် အကွက်ကိုဆင်ခြင် နစ်က သုံးကို ကူးသေးရဲ့လား။ မကူးတော့ဘူး နော်။ မကူးတော့ တဏှာ၊ ဥပါဒါန်၊ ကံ လာ သေးရဲ့လား။ ပဋိစ္စသမုပ္ပါဒ်သုံးမျိုး မပြတ်လား။ တဏှာ ပဋိစ္စသမုပ္ပါဒ်၊ ဥပါဒါန် ပဋိစ္စသမုပ္ပါဒ် ၊ ကံ ပဋိစ္စသမုပ္ပါဒ် သုံးမျိုး မပြတ်လား။ နောက် ဇာတိ၊ ဇရာ၊ မရဏ ခန္ဓာ ပေါ်သေးရဲ့ လား။ နိရောဓလို့ မဟောဘူးလား။ အဲဒါ လိုရင်းအချက်တွေပျား။ ဤနေရာ ရောက်အောင် ကြိုးစား အားထုတ်။ သိမှ ပယ်နိုင်တာ၊ မသိရင် ပယ်နိုင်ပါ့မလား။ သိအောင်ကြိုးစား။ အဲဒါ လိုရင်း အချက် တွေ။

စံမော်

ကဲ တစ်ခါ ပြန်ပြီးတော့မှ ကကြီး ခကွေးက စအုံးမယ်။ ကကြီး ခကွေး။ ပညတ်၊ ပရမတ်။ ပညတ်၊ ပရမတ်နော်။ မျက်စိနဲ့ဆိုင်ရာ အဖေ၊ မိဘမွေးတဲ့မျက်စိနဲ့ကြည့်။ တရားနာ ပရိသတ် တွေ လူတွေမြင်တယ်။ မိန်းမတွေ မြင်တယ်၊ ယောကျ်ားတွေ မြင်တယ်။ ဘယ်လိုမှ ဖျောက်လို့ မရဘူး။ ဘယ်လိုမှ ဖျောက်လို့မရ။ အဲဒါ ဝိညာဏ်မြင်။ ဘုရားပေးတဲ့ ဝိဇ္ဇာမျက်မှန် တပ်ကြည့်။ လူကို မြင်တာလား၊ အဆင်းကိုမြင်တာလား။ မိန်းမ၊ ယောကျ်ားကိုမြင်တာလား၊ အဆင်းကို မြင်တာ။ အဆင်းက ပရမတ်၊ လူက ပညတ်။ အဆင်းက ပရမတ်၊ မိန်းမ၊ ယောကျ်ားက ပညတ်။ ပညတ်ဆိုတာ ရှိတဲ့ တရားလား၊ မရှိတဲ့ တရား။ အဲဒါ မရှိတာလေးကို သိဖို့ လိုသေးတာ ကွဲ့။ကြားရဲ့လား။ ပေါ့ပေါ့လေး မစဉ်စားနဲ့။ လေးလေး နက်နက် စဉ်းစား ဝေဖန်။ ကြားလား။ ဘယ်လိုတွေ စဉ်းစားရမှာလဲ၊ စိစစ်ဖို့ မကောင်းဘူးလား။

ကဲ တစ်ခါ ပြန်ပြီးတော့ သားယောကျ်ားလေး မွေးတယ်။ နာမည် ကောင်းကောင်းလေး ရချင်တာ။ မိဘကလည်း နာမည်က မပေးတတ်။ နာမည်လည်း ကောင်းကောင်းရချင်တယ်။ ဓါတ်ဆရာကို သွားခေါ်ရတာ။ ကြားလား။ ဓါတ်ဆရာ၊ ဓါတ်ဆရာ။ ဓါတ်ဆရာခေါ်လို့ ကျုပ် သားလေး နာမည် ပေးစမ်းပါခင်ဗျာ။ အဲဒါ ကျုပ်တွေးလို့ နာမည်ပေးရအောင် နှစ်နှစ်ရှိပြီ မပေးတတ်ဘူး။ နှစ်နှစ်နဲ့ ခြောက်လရှိပြီ။ သုံးနှစ်ထဲ ရောက်လာပြီ။ အဲ မပြောရဘူးလား။

ဘာနေ့သားလဲ။ အင်္ဂါသား။ဘာလမွေးလဲ၊ မမေးရဘူးလား။ ဝါဆိုလဆန်း။ လဆန်းကလည်း ဘယ်ရက်လဲ မမေးရဘူးလား။ လပြည့်နေ့၊ လပြည့်နေ့၊ လပြည့်နေ့ မဟာဘုတ်ကို ကြည့် တော့ အင်္ဂါက အဓိပတိ။ ကြားလား။ ဗုဒ္ဓဟူးက ရာဇ၊ ကြာသပတေးက အထွန်း။ သည်နေ့မှစ စံမော်။ နာမည်ပေးတာ။ အဲဒီကလေး စံမော်လို့ခေါ်၊ ထူးပွဲမလား။ သူ့ကို ခေါ်တယ်လို့ကော သိရဲ့လား။ အဲဒါမွေးကတည်းကပါတာဟုတ်ရဲ့လား။ စံမော်ဆိုတာ မင်းနာမည်။ မင်း အဲဒါ ဟိုက ခေါ်တဲ့ အခါ ခင်ဗျာ၊ ဗျာ မသင်ရဘူးလား။ ဟောအဲဒီအခါမှ စံမော်ဆိုရင် ခင်ဗျာ၊ ဗျာ ထူးတော့တာ ပေါ့။ ကိုယ့်ထက် ငယ်တဲ့သူက ကိုစံမော်၊ ကိုယ့်ထက် ကြီးတဲ့သူက မောင်စံမော်။ နောက်တော့ ကျောင်း ထားလို့ တော်တော် လေးကြီးတော့ အရွယ်ရောက် ကျောင်းက ထွက်လာခဲ့ အိမ်ထောင်ရက်သား ကျတော့ သားလေး တစ်ယောက်၊ နှစ်ယောက် မွေး ဦးစံမော်။ မပြောရဘူးလား ပေါ့။ ကဲ ကြာ တော့ စံမော်ဆိုတာရှိတယ်လို့ မယူဘူးလား။

အကောင် အထည်နဲ့မြင်တော့တာနော်။ နေစမ်းဦးကွဲ့။ မင်းတို့ရွာမှာ မင်းတို့ ရွာက တောင်ပြင်ဆို တာ ဟုတ်ကဲ့လားကွဲ့။ ငါနဲ့ ကျောင်းနေဖက်ကွဲ့ မွန္တလေး တက္ကသိုလ် ကျောင်း မှာ အတူနေခဲ့တာ။ မတွေ့ရတာက ဆယ့်နှစ်နှစ်ရှိပြီ။ ရှိသလား။ ရှိပါတယ်ဗျ။ ကျုပ်အိမ်က မျက်စောင်းထိုးလေးပါ။

အလုံးအရပ်က ဘယ်လိုလဲဟေ့။ အလတ်စားပေါ့၊ ရှည်တာလည်း မဟုတ်ဘူး၊ ပုတာလည်း မဟုတ်ဘူး ပေါ့။ အသားအရေက ညိုညို။ အဲဟုတ်ပြီဟေ့။ ငါ့ လိုက်ပို့စမ်း လို့ မပြောရဘူးလား။ လိုက်ပို့တာ တွေ့တော့တာ။ ရုပ်တွေက မမြင်တာ ကြာတော့ကာ မမှတ်မိဘူးနော်။ ရှေးဟောင်း နှောင်းဖြစ် ကျောင်းသားတုန်းက နေခဲ့တာတွေ မပြောရဘူးလား။ အဲ မင်း စာခိုးတာတွေ၊ ဘယ်တုန်းက ခိုးတာ ငါပြောတာ။ အဲဒါ ဟုတ်ပြီ။ ကြားလား။ ရုတ်တရက် ဆိုတော့ကာ သိပ်မသိ၊ မတွေ့တာ ကြာတော့ကာ အကျိုး အပြစ်တွေ ပြောတော့ မှတ်မိတော့တာဟေ့။ စဉ်းစားဖို့ မကောင်း လား။ ကဲ အဲတော့ စံမော်ဆိုတာ သိတော့တာ။ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ကဲကွာ ငါလည်း ခရီးဆက်စရာ ရှိသေးတယ်။ နေပါဦး ကွာ။ ရောက်တဲ့အခါ။ ကြားရဲ့လား။ မပြောရဘူးလားဟေ့။

စံမော် ရှိတယ်လို့ မယူဘူးလား။ ရှိတယ်လို့ကော မထင်လား။ ယူကား မယူဘူးလား။ စံမော်လို့ ထင်တယ်၊ ရှိတယ်လို့ ယူတယ်။ ကဲ ဘုရားပေးတဲ့ ဉာဏ်လက်နဲ့ ဆံဖျားကနေ ခြေဖျားအရောက် စမ်းသပ်ကြည့်။ စံမော် တွေ့မလား၊ မာတာ တွေ့မလား။ စံမော်ကို တွေ့မလား။ ပျော့တာ တွေ့မလား။ မာတာ ပထဝီ၊ ပျော့တာ ပထဝီ။ မြတ်စွာဘုရား မဟောဘူးလား။ စဉ်းစားနော်။ ထင်တော့ စံမော်၊ တွေ့တာက မာတာ၊ ပျော့တာ။ မာတာလို့သိတာ လူ၊ နတ်၊ ဗြဟ္မာ လား၊ ကာယ ဝိညာဏ်။ သူတွေ၊ ငါတွေလား၊ ကာယဝိညာဏ်။ ကာယဝိညာဏ်။ သူကနာမ်တရား မရလား။ မာတာ၊ ပျော့တာက ရုပ်တရား မရလား။ စံမော်လား၊ နာမ်နဲ့ရုပ်။ နာမ်နဲ့ရုပ်ကိုဘဲတွေ့တယ်၊ စံမော်ကို မတွေ့ရပကားဟေ့။ ဟင်။ ဘာဖြစ်လို့ မတွေ့တာလဲ၊ အဲဒီလိုဆိုတော့ကာ စဉ်းစားဖို့ မကောင်းလား။

ထိတာကို သညာ ဖုံးတယ်၊ သညာကို သင်္ကာ ရှင်းမှ သင်္ကာ ကင်းမယ်။ ထိတာက မာသဘော၊ မာဓါတ်၊ မာပရမတ်။ ပျော့သဘော၊ ပျော့ဓါတ်၊ ပျော့ပရမတ်လို့ မဟောဘူးလား။ သညာရှင်း ပေးလိုက်တာ၊ စံမော်လား၊ နာမ်နဲ့ရုပ်လား။ ဟောဉာတပရိညာဗျား။ စဉ်းစားဖို့မကောင်းလား။ စံမော်က ပညတ်၊ နာမ်ရုပ်က ပရမတ်။ စံမော်က ပညတ်၊ နာမ်ရုပ်က ပရမတ်။ အမှန်သိတော့ အမှား မပျောက်လား။ ဒိဋ္ဌိပြုတ်ပြီဗျ။ ဤနေရာရောက်အောင် ကြိုးစားကြ။ ဒီလို လေ့လာဖို့ မကောင်းလား။ ထိထိမိမိ လေ့လာနော်။

ကဲ မာသဘော၊ မာဓါတ်၊ မာပရမတ် လို့မဟောဘူးလား။ မာတာက ပြောင်းကို မပြောင်းတာ။ ခေါ်ချင်တဲ့ စံမော်ခေါ် ဘယ်လိုပဲ့ ခေါ်ခေါ်၊ မာတာက စံမော်ဖြစ်ကဲ့လား။ ပျော့တာက စံမော် ဖြစ်ကဲ့လား။ အဲဒါကြောင့် ဆရာတော်၊ သမားတော်တွေက မာပေါက်ဖို့ အရေးကြီးတယ်၊ မာပေါက် တော့ ငါပျောက်တာကွဲ့။ မာမပေါက်လို့ ငါမပျောက်တာ။ ပထဝီ ဓာတုံ ခေါ် ရာဟုလာ အနိစ္စတော

ရှာနတော ပသသန္တော အာသဝါနံ ခယော ဟောတိ နတ္တိ ကိဉ္စိ ဥတ္တရိ ကရဏီယန္တိ ဝဒါမိ ချစ်သား ရာဟုလာ ပထဝီဓာတ်တစ်လုံးကို ပိုင်နိုင်အောင်လေ့လာလော့။ ပထဝီဓာတ်ရဲ့ မမြဲခြင်းသဘောကို သေချာယဏ နေရာကျအောင်သိရင် နောက်ထပ် တရား အားထုတ်စရာ မလိုပြီတဲ့။ ရာဟုလောဝါဒ သုတ် ပထဝီဓါတ် တစ်လုံးနဲ့ အာသဝေါ မကုန်ဘူး လား ဟဲ့။ ကဲ အဲဒါသိဖို့လိုတာကွဲ့။
တရားထိုင်တာ သည်နေရာ ရောက်ဖို့ လိုတာ၊စင်္ကြံသွားတာ သည်နေရာ ရောက်ဖို့လိုတာ၊ ရပ်တာ သည်နေရာ ရောက်ဖို့ လိုတာ၊ ထိုင်တာ သည်နေရာ ရောက်ဖို့လိုတာ၊ လျောင်းတာ သည်နေရာ ရောက်ဖို့လိုတာ။ အဲဒီလို လေ့လာဖို့ မကောင်းဘူး လား။ ကြားဖူးတော့ နားဝ၊ နားဝမှ တရားရတာဗျ ကြားလား။ အခုတော့ အမေမှာတဲ့ ဆန်တစ်ခွဲ သုံးစိတ်နဲ့မလဲ။ ပိုရရင် လဲသာ လဲလိုက်ကွဲ့။ ကြားလား။ အဲလို စဉ်းစားကြ။ တရား ဟောရတာ လည်း အားနာတယ်။ ကြားလား ဟေ့။စဉ်းစား။ သိမှ ပယ်နိုင်တာ နော်။ မသိ ပယ်နိုင်ပ့ါမလား။ သိအောင်ကြိုးစား။

<u>အိုးအစားစား၊ ပရိညာ သုံးပါး</u>

ကဲတစ်ခါ ပြန်စဉ်းစားကြဦးစို့။ ကိုယ့်ဒေသတ္တရ လေ့လာကြ။ မြေကြီးကို အိုးလုပ်တာတွေ မရှိဘူး လား။ မြေကြီးချည်းသက်သက် အိုးလုပ်လို့ ဖြစ်ရဲ့လား။ ရေချည်း သက်သက် အိုးလုပ် လို့ ဖြစ်ရဲ့ လား။ မီးချည်း သက်သက် အိုးလုပ်လို့ ဖြစ်ရဲ့လား။ လေချည်း သက်သက် အိုး လုပ်လို့ ဖြစ်ရဲ့လား။ မြေ၊ ရေ၊ လေ၊ မီး ဓါတ်ကြီးလေးပါးနော်။ စာလိုတော့ ပထဝီ၊ အာပေါ၊ တေဇောဝါယောပေ့ါ။ အဲဒါ သမအောင် နယ်ရတယ်။ အစေးပေါက်ပြီ ဆိုတော့ကာ ကိုယ်လို တဲ့ ပုံအစားစား မသွင်းရပေ ဘူးလား။ ရေလှောင်အိုး တစ်မျိုး၊ ထမင်းအိုး တစ်မျိုး၊ ဟင်းအိုး တစ်မျိုး၊ တစ်ခုခု တည့်စရာ အိုး အစားစားပေ့ါ။ ညောင်ရေ ကမ္မောင်းတို့၊ ခရားအိုးတို့၊ ခွက် ယောက်၊ ပန်းကန်တွေ အမျိုးမျိုး ပုံ မသွင်းဘူးလား။ ပုံ သွင်းတယ်။ စဉ်းစားကြ။ ကဲ အိုးကြီး တစ်လုံး ပုံသွင်းပြီ။
သွင်းတော့ကာ အစေးကို ချီလို့၊ ရွှေ့လို့ ရပ့ါမလား။ ပျော့တော့ကာ ပြုတ်ထွက်သွားမှာ ကွဲ့။ ဒါတော့ ကာ မကိုက်ဘူး။ ပုံပီပီသသ သွင်းပြီး လေသလပ်အောင် မထားရဘူးလား။ နှစ်ရက်၊ သုံးရက် လေသလပ်တော့ နဲနဲလေး မာမလာဘူးလား။ မာတဲ့အခါ နေထွက်တဲ့အခါ နေ ပွင့်တဲ့ဆီကို ရွှေ့ပြီးတော့ နေ မလှန်းရဘူးလား။ နှစ်ရက် သုံးရက်၊ မာသွားပြီနော်။ အဲဒီအခါ မြို့အပြင်ကိုထုတ်၊ ရွာအပြင်ကို ထုတ်၊ မီး မဖုတ်ရဘူးလား။ ကဲ အဲဒီအခါ အစေးကို ယူဆောင် လို့ မရဘူးလား။ ရတယ်။ စဉ်းစားနော်။ အစေးကို ယူဆောင်လို့ ရတယ်။
အဲဒီမှာ အဖေါမိဘမွေးတဲ့ မျက်စိ၊ အဝိဇ္ဇာမျက်လုံးကို တပ်ကြည့်။ အိုးအစားစား။ မြင်တော့ တာ။ အိုး အစားစားကို မြင်တော့ ကိုယ့်အသုံးဆောင်အနေနဲ့ မရချင်ဘူးလား။ အဲဒါ လောဘ တဏှာကွဲ့။

စဉ်းစားဖို့ မကောင်းလား။ ဘုရားပေးတဲ့ ဝိဇ္ဇာဆိုတဲ့ မျက်မှန်ကို တပ်ကြည့်။ အိုးအစားစား လား၊ ဓါတ်ကြီးလေးပါးလား။ အိုးအစားစားလား၊ ဓါတ်ကြီးလေးပါးလား။ ပထဝီ ဓါတ်၊ အာပေါဓါတ်၊ တေဇောဓါတ်၊ ဝါယောဓါတ်၊ အာကာသဓါတ်၊ ဝိညာဏဓါတ် ဓါတ် ခြောက်ပါးကွ။ အာကာသဆိုတာ ကဲ ပထဝီနဲ့ အာပေါဟာ တူရဲ့လား။ အလယ်မှာ မခြားဘူး လား။ ဘယ်ဟာနဲ့မှမစပ်။ အာပေါဟာ ပထဝီဓါတ် ဟုတ်ကဲ့လား။ ဗမာလိုပြန် မြေကြီးဟာ ရေဟုတ်ရဲ့လား။ ရေ ဟာ မြေကြီး ဟုတ်ကဲ့ လား။ တူရဲ့လား။ မစပ်ဘူးနော်။ ကဲ ရေကား တေဇော ဟုတ်ရဲ့လား။ တေဇောကား ရေ ဟုတ်ရဲ့ လား။ တစ်ခု တစ်ခုတူရဲ့လား။ ဘယ်ဟာနဲ့မှ မစပ်ဘူး။ ကဲ တေဇောက ဝါယော ဟုတ်ရဲ့လား။ ဝါယောကား တေဇော ဟုတ်ရဲ့လား။ တစ်ခုနဲ့ တစ်ခု စပ်ရဲ့လား။ ကဲ အဲလိုမြင်တဲ့အခါမှာ ဘယ်လိုမှ စပ်ဟပ်လို့ မရဘူးနော်။ အဲဒီလိုမြင်တဲ့အခါ အိုးကား တွေ့သေးရဲ့လား။ တွေ့တာက ဓါတ်ကြီး လေးပါး နော်။ ဓါတ်ကြီးလေးပါး တစ်ခုနဲ့ တစ်ခု အာကာသခြား ခြား မနေဘူးလား။ အသွင် သဏ္ဌာန် တွေ ပါရဲ့လား။ ကဲလိုချင်သေးရဲ့လား။ အမှန်မြင်တော့ အများ မပျောက်လား။ အဲဒါ ဝိဇ္ဇာ မျက်မှန် တပ်ကြည့်တော့ကာ ဓါတ်ကြီးလေးပါး။

အဲဒီ ဓါတ်ကြီး လေးပါးလည်း ပထဝီဓါတ်က ဖေါက်ပြန်ပြီးတော့ မပျက်လား။ ဟော အာပေါ က လည်း ဖေါက်ပြန်ပြီးတော့ မပျက်လား။ တေဇောကလည်း ဖေါက်ပြန်ပြီးတော့ မပျက် လား။ ဝါယော ကား ဖေါက်ပြန်ပြီးတော့ မပျက်လား။ ဖြစ်ပျက်လို့ မဟောဘူးလား။ ဘာသစ္စာ လဲ။ ဆင်းရဲတဲ့တရား ပေါ့။ စဉ်းစားဖို့ မကောင်းလား။ ကဲဒီလို ဆင်းရဲတဲ့ တရား ဆိုရင် လိုချင်သေးရဲ့လား။ မလိုချင် တော့ဘူး နော်။ ဒါသမုဒယလား၊ မဂ္ဂ။ ဒါ မဂ္ဂသစ္စာ ဖြစ်နေတာ ပေါ့။ စိစစ်ဖို့မကောင်းလား။ အဲဒါ ကြောင့် အဲဒီ အသိဉာဏ်လေး ရပြီးတော့ ပေးမယ်၊ လှူမယ်၊ ကမ်းမယ်၊ ဆိုလို့ရှိရင် နိဗ္ဗာနသသ ပစ္စယော ဟောတု။ ကဲ သူသုံးဆယ့်တစ်ဘုံ ဘယ်ဘုံမှ မလိုချင်ဘူးကွဲ့။ နိဗ္ဗာန်ကလွဲလို့ မလိုချင် တော့ဘူးပေါ့။ လှူသမျှ၊ တမ်းသမျှ နိဗ္ဗာန်ဘဲနော်။ ကဲ ဒိပြင်ဟာ တွယ်တာစရာ လိုသေးရဲ့လား။ အဲလို စိစစ်ဖို့ မကောင်းလား။ ဘာကြောင့် မတွယ်တာ- တာလဲ။ ဆင်းရဲတယ်လို့မြင်ထားတာကိုး။ ချမ်းသာတယ်လို့ မြင်တော့ လိုချင်တာ။ တကယ်ရှိတဲ့ တရားက လူချမ်းသာလား၊ ဒုက္ခသစ္စာ။ နတ် ချမ်းသာလား၊ ဒုက္ခသစ္စာ။ ဗြဟ္မာချမ်းသာလား၊ ဒုက္ခသစ္စာ။ ဆင်းရဲတာဘဲ တွေ့တယ်။ ဆင်းရဲတယ် လို့ ယုံကြည်ပြီနော်။

အာရုံ အာရမ္မဏိက၊ အာရုံ မှန်တော့ သဒ္ဓါမှန်တယ်။ ဟော အာရုံမှန်တော့ သဒ္ဓါ မှန်တယ်။ သဒ္ဓါဆိုတာ ယုံကြည်တာ။ ကဲ ဉာတပရိညာနဲ့ ယုံကြည်ပုံ၊ တီရဏပရိညာနဲ့ ယုံကြည်ပုံ၊ ပဟာန ပရိညာနဲ့ ယုံကြည်ပုံ၊ ဉာတပရိညာ၊ တီရဏပရိညာ၊ ပဟာနပရိညာ။ ကဲအခု သေချာ လေ့လာ

ကြည့်တော့ကာ အိုးအစားစား တွေ့သလား၊ ဓါတ်ကြီး လေးပါး။ ဓါတ်ကြီး လေးပါးတွေ့တဲ့အခါ အိုး တွေ့သေးရဲ့လား။ ကဲ ဓါတ်ကြီး လေးပါးနဲ့ အိုးနဲ့ ပိုင်းခြားဖို့ မလိုလား။ ဉာတပရိညာ ထင်တာကအိုး၊ တွေ့တာက ဓါတ်ကြီးလေးပါး။ အိုးအစားစား၊ တွေ့တာက ဓါတ်ကြီးလေးပါး။ ကဲ ဓါတ်ကြီး လေးပါးဘဲ မတွေ့လား။ အိုးတွေ့သလား ဓါတ်ကြီးလေးပါး။ ဟော စဉ်းစားဖို့ မကောင်းလား။ အိုး အစားစားက ပညတ်၊ ဓါတ်ကြီး လေးပါးက ပရမတ်။ ကဲ ဓါတ်ကြီး လေးပါး ဆက်ပြီးတော့ ကြိုးစား။

အဲဒါ ပထဝီဓါတ်ကလည်း ဖေါက်ပြန်ပြီးပျက်၊ အာပေါဓါတ်ကလည်း ပျက်၊ တေဇောဓါတ်က လည်း ပျက်၊ ဝါယောဓါတ်က လည်း ပျက်။ ဖြစ်ပျက် ဘာသစ္စာလဲ၊ ဒုက္ခသစ္စာ။ နိစ္စလား။ အနိစ္စ။ အနိစ္စ မမြဲခြင်း တရားသည် ဆင်းရဲတဲ့တရားလား၊ ချမ်းသာ တဲ့ တရား။ ဆင်းရဲတဲ့ တရား သုခလား၊ ဒုက္ခ။ ဤ ဒုက္ခတရားကို ပိုင်သူရှိရဲ့လား။ သတ္တဝါအလိုသို့လိုက်ကဲ့လား။ အကြိုက်သို့ ပါရဲ့လား။ အနတ္တလို့ မဟောဘူးလား။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တွေ့တယ်။ စဉ်းစားဖို့ မကောင်းလား။ ဓါတ်ကြီး လေးပါး တွေ့သလား။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တွေ့သလား။ တီရဏ ပရိညာ စဉ်းစားနော်။

ဓါတ်ကြီးလေးပါး တွေ့တဲ့အခါ အိုးအစားစား တွေ့သလား၊ အိုးအစားစားလား၊ ဓါတ်ကြီး လေးပါး။ ဉာတပရိညာ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တွေ့တော့ကာ ဓါတ်ကြီးလေးပါး တွေ့သလား။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တွေ့သလား။ တီရဏ ပရိညာ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ စုလိုက်တော့ ဖြစ်၊ ပျက်လို့ မဟောဘူး လား။ ဘာသစ္စာလဲ။ ဒုက္ခသစ္စာ။ ကဲ ဒုက္ခသစ္စာ လို့ အမှန် ပိုင်းခြားသိ၊ သမ္မာဒိဋ္ဌိလို့ မဟောဘူးလား။ လူချမ်းသာလား၊ ဒုက္ခသစ္စာ။ နတ်ချမ်းသာလား၊ ဒုက္ခသစ္စာ။ ဗြဟ္မာချမ်းသာလား၊ ဒုက္ခသစ္စာ။ ဆင်းရဲတာက လွဲလို့ ဘာမှ မရှိပါလား။ အဲဒီလို သိပြီ ဆိုတော့ကာ ပဟာနပရိညာ။

သိတယ်ဆိုတာ ဝိဇ္ဇာနော်။ အဝိဇ္ဇာ မချုပ်ဘူးလား။ အဝိဇ္ဇာ ချုပ်ရင် တဏှာ လာဦးမလား။ ဥပါဒါန် လာဦးမလား။ ကိလေသဝဋ် မချုပ်လား။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ပေါ့။ ဝဋ်အနေနဲ့ ကိလေသဝဋ် ချုပ်ပြီ။ သစ္စာဖွဲ့တော့ သမုဒယနော်။ ဒုက္ခသစ္စာ ပိုင်းခြားသိတော့ သမုဒယသစ္စာ မသေလား။ သိ၊ ပယ်လို့ မဟောလား။ ဒုက္ခသစ္စာ ပိုင်းခြားသိတော့ သမ္မာဒိဋ္ဌိလို့ ဟော၊ မဟော။ ကဲ မိစ္ဆာဒိဋ္ဌိ မချုပ်ဘူး လား။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် မပြုတ်လား။ ကဲ နောက် ခန္ဓာ ဇာတ်မသိမ်းလား၊ နိရောဓသစ္စာ။ ဤနေရာ ရောက်အောင် ကြိုးစားအားထုတ်ပေါ့။ အဲဒီ အသိဉာဏ်လေးနဲ့ ပေးမယ်ဆိုရင် နိဗ္ဗာနသာ ပစ္စယော ဟောတု ပေါ့။ ကဲ အဲဒီလို သိတော့ ကာ လှူတာပေါ့နော်။ တွယ်တာ သေးရဲ့လား။ ကံ တော့ ကံဘဲကွဲ့၊ ဘယ်ကံလဲ လို့ မေးဖို့ မကောင်းလား။ မဂ္ဂေါနာမ စေတနာ၊ စေတနာနဲ့ မဂ်နဲ့ ယှဉ် မနေဘူးလား။ ယှဉ်တော့ကာကျ ဒါသုံးဆယ့်တစ်ဘုံ အကျိုးပေးတဲ့ဟာ ဟုတ်ရဲ့လား။ အဟောသိ ကံ အကျိုး မပေးဘူး။ သုံးဆယ့် တစ်ဘုံ ကြားလား။ ကဲ ဟိုက ပုဂ္ဂိုလ်၊ သတ္တဝါနဲ့ လှူတဲ့ဟာ က

သုံးဆယ့် တစ်ဘုံ အကျိုးပေးတာ နော်။ ဒါက သစ္စာသိတော့ လူ့တော့ကာ အကျိုးပေးသေးရဲ့လား။ ကံတော့ မြောက်တယ်။ မဂ္ဂေါ် နာမ စေတနာတဲ့။ အပေါ့ဘာသိကံလို့ မပေါဘူးလား။ အဲဒီဟာကို လိုတာဗျ။ စိစစ်ဖို့ မကောင်းလား။

<u>အာရုံမှန်တော့ သဒ္ဓါမှန်။</u>

အဲဒီ အသိဉာဏ်က ချုပ်သွားဦး။ သတ္တိ။ ဟော အနိစ္စ သိတဲ့သတ္တိ၊ ဒုက္ခ သိတဲ့သတ္တိ ၊ အနတ္တ သိတဲ့ သတ္တိ ကျန်တယ်။ အဲဒါ ကြောင့် အာရုံ အာရမ္မဏိက၊ အာရုံမှန်တော့ သဒ္ဓါမှန်တယ်။ ယုံပြီ။ ကဲ ခန္ဓာ ငါးပါးဆိုတာ ယုံပြီ။ လူရှိတယ်၊ နတ်ရှိတယ်၊ ပြဟ္မာရှိတယ်လို့ပြော သူ လက်ခံပါမလား။ တွေ့နေ တာက လူတွေ့သလား၊ ခန္ဓာငါးပါး။ နတ် တွေ့တာလား၊ ခန္ဓာငါးပါး။ ပြဟ္မာ တွေ့တာလား၊ ခန္ဓာ ငါးပါး။ တွေ့တာကို အမှန် မယူရဘူးလား။ အာရုံ အာရမ္မဏိက အာရုံက ခန္ဓာငါးပါး၊ ခန္ဓာငါးပါးလို့ သိတာလေးက အာရမ္မဏိက တရား။ အာရုံ မှန်တော့ သဒ္ဓါ မမှန်လား။ ကဲ လူခန္ဓာ၊ နတ်ခန္ဓာ၊ ပြဟ္မာ ခန္ဓာလို့ ယူဦးမလား။ ဒါကြောင့်မို့လို့ သဒ္ဓါ ယုံကြည်ပြီ ဗျား။

ကဲ ဆက်ပြီးတော့ ကြည့် ငါးပါးလုံး၊ နိစ္စလား၊အနိစ္စ။ အနိစ္စလက္ခဏာ ဒုက္ခသစ္စာ၊ ဒုက္ခလက္ခဏာ ဒုက္ခသစ္စာ၊ အနတ္တ လက္ခဏာ ဒုက္ခသစ္စာ။ အာရုံက အနိစ္စလို့ မပြလား။ သိတဲ့ဉာဏ်က အနိစ္စလို့ မသိလား။ အာရုံက ဒုက္ခလို့ မပြလား။ သိတဲ့ ဉာဏ်က ဒုက္ခလို့ မသိလား။ အာရုံက အနတ္တလို့ မပြလား။ သိတဲ့ဉာဏ်က အနတ္တလို့ မသိလား။ အာရုံ အာရမ္မဏိက အာရုံ မှန်တော့ သဒ္ဓါ မှန်တယ် နော်။ ကဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တ စုလိုက်တော့ ဖြစ်၊ ပျက်လို့ မပေါလား။ ဘာသစ္စာလဲ။ ဟော လူချမ်းသာ လား၊ ဒုက္ခသစ္စာ။ နတ်ချမ်းသာလား၊ ဒုက္ခသစ္စာ။ ပြဟ္မာချမ်းသာလား၊ ဒုက္ခသစ္စာ။ ဟော အာရုံ မှန်တော့ သဒ္ဓါ မှန်ပြီနော်။ ဒုက္ခသစ္စာ ဒါအာရုံကွဲ့။ ကဲ လူချမ်းသာလား၊ ဒုက္ခသစ္စာ။ နတ်ချမ်းသာလား ဒုက္ခသစ္စာ။ ပြဟ္မာချမ်းသာလား၊ ဒုက္ခသစ္စာ။ အဲဒီပုဂ္ဂိုလ် လူချမ်းသာရှိတယ်၊ နတ်ချမ်းသာ ရှိတယ်၊ ပြဟ္မာချမ်းသာရှိတယ်လို့ ပြော သူ လက်ခံပါမလား။ ကဲ သိတော့ မပယ်လား။ သိတယ်ဆိုတာ အဝိဇ္ဇာ မချုပ်ဘူးလား။ တဏှာ လာသေးရဲ့လား။ ဥပါဒါန် လာသေးရဲ့လား။ သစ္စာနဲ့ သမုဒယသစ္စာ မသေလား။ နောက်ခန္ဓာ ဇာတ်မသိမ်းလား။ နိရောဓသစ္စာ။ ဤနေရာ ရောက်အောင် ကြိုးစား အားထုတ်ကြ။

ကဲ ထိဆဲခန္ဓာက ဖြစ်ပျက် ဘာသစ္စာလဲ။ (ဒုက္ခသစ္စာ ပါဘုရား။) သိတာက ။(မဂ္ဂသစ္စာ ပါဘုရား။) သေတာက ။ (သမုဒယသစ္စာပါဘုရား။) နောက်ခန္ဓာ မလာတာ။ (နိရောဓသစ္စာပါဘုရား။) ပဋိစ္စသမုပ္ပါဒ်အကွက် ဘယ်နှစ်ကွက်ရှိ။ (လေးကွက်ရှိပါတယ် ဘုရား။) တစ်ကွက်လျှင် ဘယ်နှစ်ပါး။

www.thitsarparamisociety.com

21.5.2005,(2:00pm)17

(ငါးပါးပါ ဘုရား။) ငါး လေးလီ။(နှစ်ဆယ်။) ဤရှစ်သွယ်ကို ။ အလွယ် ကျက်မှတ် သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း။

(သာဓု၊သာဓု၊သာဓုပါဘုရား။)